MOPF
Ministry of Planning and Finance

# လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ သိကောင်းစရာများ

## ရည်ရွယ်ချက်

အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် လစာဝင်ငွေခွန်ပေးဆောင်ရာတွင် အချိန်ကုန်သက်သာပြီး လွယ်ကူလျှင်မြန်မှုရှိစေသည့် အီလက်ထရောနစ်နည်းလမ်းကို အသုံးပြု၍လည်းကောင်း၊ ကျန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေသွင်းချလန်နှင့် ပေးသွင်းခြင်းဖြင့်လည်းကောင်း လစာဝင်ငွေခွန်ကို ပေးသွင်းနိုင်ပြီး ထိုသို့ပေးသွင်းရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်စေရန်အတွက် ဤစာစောင်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## လစာ

လစာဆိုရာတွင် အလုပ်ရှင်ထံမှ ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား ရရှိသည့်အခကြေးငွေ သို့မဟုတ် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်ခ အားလုံးအကျုံးဝင်ပါသည်။

## လစာဝင်ငွေခွန်ပေးဆောင်ရမည့်သူ

- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေကျပ်(၄၈)သိန်းအထက်ရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ၊
- ပြည်တွင်းမှလစာဝင်ငွေရရှိသည့် ပြည်ပနေနိုင်ငံခြားသား။

## လစာဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိသူများ

- ပြည်ပတွင်နိုင်ငံခြားငွေဖြင့် လစာရရှိသော ပြည်ပနေနိုင်ငံသား၊
- နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ်(၄၈)သိန်းအထိသာရရှိသည့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများ။

## ပေးသွင်းရမည့် ငွေကြေးအမျိုးအစား

- ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း လစာဝင်ငွေခွန် ပေးဆောင်ရပါမည်။

## သက်သာခွင့်များ

| | | |
|---|---|---|
| ❖ အခြေခံသက်သာခွင့် (ကျပ်သိန်း ၁၀၀ ထက်မပိုစေရ) | - | စုစုပေါင်းဝင်ငွေ၏ ၂၀ % |
| ❖ အတူနေမိဘတစ်ဦးလျှင် | - | ကျပ် ၁၀ သိန်းစီ |

- ❖ အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ကျပ် ၁၀ သိန်း
- ❖ သားသမီး တစ်ဦးလျှင် - ကျပ် ၅ သိန်းစီ
- ❖ အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးသွင်းသည့်ပရီမီယံ
- ❖ လူမှုဖူလုံရေးရန်ပုံငွေသို့ အမှန်ထည့်ဝင်ငွေ ( အခွန်ထမ်းထံမှ နုတ်ယူပေးသွင်းသည့်ငွေသာ၊ အလုပ်ရှင်က စိုက်ထုတ်ပေးသွင်းရသည့်ငွေမပါ)

**ရှင်းလင်းချက်**

- ❖ အတူနေမိဘဆိုရာတွင် ဝင်ငွေနှစ်အတွင်း မိမိနှင့်အတူနေသည့် သို့မဟုတ် မိမိက စရိတ်ထောက်ပံ့ထားရသည့် မိဘ၊ ယောက္ခမကို ဆိုလိုသည်။ သို့ရာတွင် အဆိုပါ မိဘ၊ ယောက္ခမသည် ထိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ ဖြစ်ရမည်၊
- ❖ သားသမီးဆိုရာတွင် အိမ်ထောင်မရှိသူ၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိရသူ၊ အသက် (၁၈)နှစ်မပြည့်သေးသူ/ အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသူကို ဆိုသည်၊
- ❖ သားသမီးအတွက် သက်သာခွင့်များ ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်း၏ အိမ်ထောင်ဖက်သည် ထိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေတစ်ရပ်ရပ် ရရှိသူဖြစ်ပါက အခွန်ထမ်း သို့မဟုတ် ယင်း၏ အိမ်ထောင်ဖက် တစ်ဦးတည်းတွင်သာ နုတ်ပယ်ပေးရမည်ဖြစ်ပါသည်။

**လစာဝင်ငွေခွန်**

- ❖ နှစ်တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင် ကျသင့်ဝင်ငွေခွန် တွက်ချက်ရမည့်နှုန်းထားများမှာ ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း | ကျသင့်အခွန် (ကျပ်) | အဆင့်ဆင့် ကျသင့်အခွန် (ကျပ်) |
|---|---|---|---|---|---|
| | မှ (ကျပ်) | ထိ (ကျပ်) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ % | ၄၀၀,၀၀၀ | ၄၀၀,၀၀၀ |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ % | ၂,၀၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ % | ၃,၀၀၀,၀၀၀ | ၅,၄၀၀,၀၀၀ |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ % | ၄,၀၀၀,၀၀၀ | ၉,၄၀၀,၀၀၀ |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % | | |

**အခွန်တွက်ချက်ခြင်း- တွက်ချက်ပုံ နမူနာ(၁)**

❖ ဦးလှသည် A ကုမ္ပဏီတွင် မန်နေဂျာရာထူး (လစာနှုန်း ၁,၅၀၀,၀၀၀ ကျပ်) ဖြင့် ၁-၁၀-၂၀၂၁ ရက်နေ့မှစ၍ အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ ကာလအတွင်း အလုပ်ပျက်ရက်မရှိ အလုပ်ကြိုးစားသူဖြစ်သဖြင့် ဆုကြေး ၁,၅၀၀,၀၀၀ ကျပ် ရရှိမည်ဖြစ်ပါသည်။ ဦးလှတွင် အတူနေမိဘ (၂)ဦး၊ မှီခိုသူဇနီးနှင့် ကျောင်းတက်နေသည့် သားသမီး (၂)ဦး ရှိပါသည်။ ဒီဇင်ဘာလတွင် ပေးသွင်းရမည့် အသက်အာမခံ ပရီမီယံမှာ ဦးလှအတွက် ၅၀,၀၀၀ ကျပ်နှင့် အိမ်ထောင်ဖက်အတွက် ၅၀,၀၀၀ ကျပ်ဖြစ်ပါသည်။ ကုမ္ပဏီသည် (၆) လတာကာလအတွင်း ဦးလှအတွက် လူမှုဖူလုံရေးရန်ပုံငွေသို့ ကျပ် ၄၅၀,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အဆိုပါ ငွေတွင် ဦးလှ၏ လစာမှနုတ်ယူပေးသွင်းငွေ ၁၈၀,၀၀၀ ကျပ်နှင့် ကုမ္ပဏီမှ စိုက်ထုတ်ပေးသွင်းငွေ ၂၇၀,၀၀၀ ကျပ် ပါဝင်ပါသည်။ ၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ (၆) လတာကာလအတွင်း ဦးလှ ပေးဆောင်ရမည့် လစာဝင်ငွေခွန်မှာ -

၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့အထိ (၆) လတာကာလအတွင်း

| | | |
|---|---|---|
| ဦးလှရရှိမည့် အခြေခံလစာဝင်ငွေ (၁,၅၀၀,၀၀၀ × ၆လ) | = | ၉,၀၀၀,၀၀၀ ကျပ် |
| **တစ်နှစ်စာရရှိမည့် အခြေခံလစာဝင်ငွေ(၆လ × ၂ဆ)** | = | **၁၈,၀၀၀,၀၀၀ ကျပ်** |
| (၆) လတာကာလအတွင်း ဦးလှရရှိမည့်ဆုကြေး | = | ၁,၅၀၀,၀၀၀ ကျပ် |
| **တစ်နှစ်စာရရှိမည့် လစာခေါင်းစဉ်မှဝင်ငွေ** | = | **၁၉,၅၀၀,၀၀၀ ကျပ်** |
| (နုတ်) သက်သာခွင့်ပြုငွေများ | | |
| အခြေခံသက်သာခွင့်(၁၉,၅၀၀,၀၀၀/- × ၂၀ %) | = | ၃,၉၀၀,၀၀၀ ကျပ် |
| အတူနေမိဘအတွက် သက်သာခွင့် (တစ်ဦးလျှင် ၁,၀၀၀,၀၀၀/- စီ × ၂ ဦး) | = | ၂,၀၀၀,၀၀၀ ကျပ် |
| အိမ်ထောင်ဖက်အတွက်သက်သာခွင့် | = | ၁,၀၀၀,၀၀၀ ကျပ် |
| သားသမီး(၂)ဦးအတွက် သက်သာခွင့် (တစ်ဦးလျှင် ၅၀၀,၀၀၀/- စီ× ၂ ဦး) | = | ၁,၀၀၀,၀၀၀ ကျပ် |
| ဦးလှနှင့်အိမ်ထောင်ဖက်၏ အသက်အာမခံပေးသွင်းငွေ (ဦးလှအတွက် ၅၀,၀၀၀/- + ဇနီးအတွက် ၅၀,၀၀၀/-) | = | ၁၀၀,၀၀၀ ကျပ် |
| ဦးလှထည့်ဝင်သည့် လူမှုဖူလုံရေးရန်ပုံငွေ | = | ၁၈၀,၀၀၀ ကျပ် |
| သက်သာခွင့်စုစုပေါင်း | = | (၈,၁၈၀,၀၀၀) ကျပ် |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | = | ၁၁,၃၂၀,၀၀၀ ကျပ် |
| **အခွန်တွက်ချက်ခြင်း** | | |
| ၁ မှ ၂,၀၀၀,၀၀၀ အထိ (၂,၀၀၀,၀၀၀× ၀%) | = | ၀ ကျပ် |
| ၂,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ အထိ(၈,၀၀၀,၀၀၀ × ၅%) | = | ၄၀၀,၀၀၀ ကျပ် |
| ၁၀,၀၀၀,၀၀၁ မှ ၁၁,၃၂၀,၀၀၀ အထိ ( ၁,၃၂၀,၀၀၀ × ၁၀%) | = | ၁၃၂, ၀၀၀ ကျပ် |

| | | |
|---|---|---|
| **တစ်နှစ်ကျသင့်အခွန်** | = | ၅၃၂,၀၀၀ ကျပ် |
| (၆)လတာ ကာလအတွက် ကျသင့်ဝင်ငွေခွန်( ၅၃၂,၀၀၀/၂) | = | ၂၆၆,၀၀၀ ကျပ် |
| လစဉ်နုတ်ယူရမည့် ဝင်ငွေခွန် (၂၆၆,၀၀၀ ကျပ်/ ၆လ) | = | ၄၄,၃၃၃.၃၃ ကျပ် |
| ဦးလှထံမှ လစဉ်နုတ်ယူရမည့် လစာဝင်ငွေခွန် | = | ၄၄,၃၃၃ ကျပ် |

(ဘဏ္ဍာရေးနှစ်ကာလအပေါ် မူတည်၍ (၆)လတာ ကာလအတွက် ကျသင့်သည့်အခွန်မှ ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ တစ်လ (ဖေဖော်ဝါရီလ) အထိ ပေးသွင်းခဲ့ပြီးသည့်အခွန်စုစုပေါင်းကို နုတ်၍ ဘဏ္ဍာနှစ်ကုန်နောက်ဆုံးလ (မတ်လ) တွင် စာရင်းညှိနှိုင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် (၆)လတာ ကာလ၏နောက်ဆုံးလ (မတ်လ)တွင် ကုမ္ပဏီ A အနေဖြင့် ၄၄,၃၃၅ ကျပ် နုတ်ယူပေးသွင်းရမည်ကို သတိပြုရန် ဖြစ်ပါသည်။ )

**အခွန်တွက်ချက်ခြင်း (တွက်ချက်ပုံနမူနာ-၂)**

❖ ဦးလှသည် A ကုမ္ပဏီတွင် ၁-၄-၂၀၂၂ မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ မန်နေဂျာရာထူး (တစ်လလျှင် လစာ ၁,၅၀၀,၀၀၀ ကျပ်) ဖြင့် အလုပ်လုပ်ကိုင်ခဲ့ပြီး ထိုကာလအတွင်း ဆုကြေး ၁,၅၀၀,၀၀၀ ကျပ် ရရှိပါသည်။ ကုမ္ပဏီ A သည် ဦးလှထံမှ တစ်လလျှင် လစာဝင်ငွေခွန် ၄၃,၅၈၃ ကျပ် နုတ်ယူ၍ အဆိုပါကာလအတွက် စုစုပေါင်း ၂၆၁,၄၉၈ ကျပ်အား အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄) တွင် ပေးသွင်းခဲ့ပါသည်။ ဦးလှသည် ကုမ္ပဏီ A တွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲ ကုမ္ပဏီ B တွင် ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ မန်နေဂျာရာထူး (တစ်လလျှင် လစာ ၂,၀၀၀,၀၀၀ ကျပ်) ဖြင့် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။ ဦးလှသည် ကုမ္ပဏီ B တွင် အလုပ်ပျက်ရက်မရှိ အလုပ်ကြိုးစားသူဖြစ်သဖြင့် ဆုကြေး ၂,၀၀၀,၀၀၀ ကျပ် ရရှိမည်ဖြစ်ပါသည်။ ဦးလှတွင် အတူနေမိဘ (၂)ဦး၊ မှီခိုသူ ဇနီးနှင့် ကျောင်းတက်နေသည့် သားသမီး (၂)ဦး ရှိပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ပေးသွင်းရမည့် အသက်အာမခံပရီမီယံမှာ ဦးလှအတွက် ၅၀,၀၀၀ ကျပ်နှင့် အိမ်ထောင်ဖက်အတွက် ၅၀,၀၀၀ ကျပ် ဖြစ်ပါသည်။ ကုမ္ပဏီ A သည် ဦးလှ၏ လစာမှ လူမှုဖူလုံရေး ရန်ပုံငွေအတွက် ၁၈၀,၀၀၀ ကျပ် နုတ်ယူပေးသွင်းခဲ့ပါသည်။ ကုမ္ပဏီ B သည် ဦးလှအတွက် လူမှုဖူလုံရေးရန်ပုံငွေသို့ ကျပ် ၅၀၀,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အဆိုပါငွေတွင် ဦးလှ၏ လစာမှနုတ်ယူပေးသွင်းငွေ ၂၀၀,၀၀၀ ကျပ်နှင့် ကုမ္ပဏီမှ စိုက်ထုတ်ပေးသွင်းငွေ ၃၀၀,၀၀၀ ကျပ် ပါဝင်ပါသည်။ ၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ ရက်နေ့အထိ ကာလအတွင်း ဦးလှပေးဆောင်ရမည့် လစာဝင်ငွေခွန်နှင့် ကုမ္ပဏီ B က လစဉ် နုတ်ယူရမည့် လစာဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည် ဖြစ်ပါသည်( ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများ ပြောင်းလဲမှု မရှိဟု ယူဆ၍ တွက်ချက်ပါမည်။)-

| | | |
|---|---|---|
| A ကုမ္ပဏီတွင် ဦးလှရရှိခဲ့သည့်လစာ ( ၁,၅၀၀,၀၀၀ × ၆ လ ) | = | ၉,၀၀၀,၀၀၀ ကျပ် |
| A ကုမ္ပဏီတွင် ဦးလှရရှိခဲ့သည့် ဆုကြေး | = | ၁,၅၀၀,၀၀၀ ကျပ် |
| B ကုမ္ပဏီတွင် ဦးလှရရှိမည့်လစာ ( ၂,၀၀၀,၀၀၀ × ၅ လ ) | = | ၁၀,၀၀၀,၀၀၀ကျပ် |

B ကုမ္ပဏီတွင် ဦးလှရရှိမည့်ဆုကြေး = ၂,၀၀၀,၀၀၀ ကျပ်

---

၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ ရက်နေ့အထိ ကာလအတွင်း

ဦးလှရရှိသည့်အခြေခံလစာစုစုပေါင်း = ၁၉,၀၀၀,၀၀၀ ကျပ်

နှစ်တစ်နှစ်အတွင်း ဦးလှရရှိသည့်ဆုကြေး = ၃,၅၀၀,၀၀၀ ကျပ်

**စုစုပေါင်းလစာခေါင်းစဉ်မှဝင်ငွေ = ၂၂,၅၀၀,၀၀၀ ကျပ်**

(နုတ်) သက်သာခွင့်ပြုငွေများ

အခြေခံသက်သာခွင့်(၂၂,၅၀၀,၀၀၀/- × ၂၀ %) = ၄,၅၀၀,၀၀၀ ကျပ်

အတူနေမိဘအတွက် သက်သာခွင့် = ၂,၀၀၀,၀၀၀ ကျပ်

(တစ်ဦးလျှင် ၁,၀၀၀,၀၀၀/- စီ × ၂ ဦး)

အိမ်ထောင်ဖက်အတွက်သက်သာခွင့် = ၁,၀၀၀,၀၀၀ ကျပ်

သားသမီး(၂)ဦးအတွက် သက်သာခွင့် = ၁,၀၀၀,၀၀၀ ကျပ်

(တစ်ဦးလျှင် ၅၀၀,၀၀၀/- စီ× ၂ ဦး)

ဦးလှနှင့်အိမ်ထောင်ဖက်၏ အသက်အာမခံ = ၁၀၀,၀၀၀ ကျပ်

(ဦးလှအတွက် ၅၀,၀၀၀/- + ဇနီးအတွက် ၅၀,၀၀၀/-)

ဦးလှထည့်ဝင်သည့် လူမှုဖူလုံရေးရန်ပုံငွေ = ၃၈၀,၀၀၀ ကျပ်

( A ကုမ္ပဏီ - ၁၈၀,၀၀၀/- + B ကုမ္ပဏီ- ၂၀၀,၀၀၀/-)

**သက်သာခွင့်စုစုပေါင်း = (၈,၉၈၀,၀၀၀) ကျပ်**

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၁၃,၅၂၀,၀၀၀ ကျပ်

**အခွန်တွက်ချက်ခြင်း**

၁ မှ ၂,၀၀၀,၀၀၀ အထိ (၂,၀၀၀,၀၀၀× ၀%) = ၀ ကျပ်

၂,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ အထိ(၈,၀၀၀,၀၀၀ × ၅%) = ၄၀၀,၀၀၀ ကျပ်

၁၀,၀၀၀,၀၀၁ မှ ၁၃,၅၂၀,၀၀၀ အထိ ( ၃,၅၂၀,၀၀၀ × ၁၀%) = ၃၅၂, ၀၀၀ ကျပ်

**တစ်နှစ်ကျသင့်အခွန် = ၇၅၂,၀၀၀ ကျပ်**

A ကုမ္ပဏီမှ နုတ်ယူပေးသွင်းခဲ့သည့် လစာဝင်ငွေခွန် = (၂၆၁,၄၉၈) ကျပ်

B ကုမ္ပဏီက နုတ်ယူပေးသွင်းရမည့်လစာဝင်ငွေခွန် = ၄၉၀,၅၀၂ ကျပ်

B ကုမ္ပဏီက လစဉ်နုတ်ယူရမည့် လစာဝင်ငွေခွန် = ၉၈,၁၀၀.၄၀ ကျပ်

( ၄၉၀,၅၀၂ ကျပ်/ ၅ လ)

**B ကုမ္ပဏီက ဦးလှထံမှ လစဉ်နုတ်ယူပေးသွင်းရမည့် လစာဝင်ငွေခွန် = ၉၈,၁၀၀ ကျပ်**

(ဘဏ္ဍာရေးနှစ်ကာလအပေါ် မူတည်၍ တစ်နှစ်အတွက် ကျသင့်သည့်အခွန်မှ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ တစ်လ (ဖေဖော်ဝါရီလ)အထိ ပေးသွင်းခဲ့ပြီးသည့်အခွန်စုစုပေါင်းကို နုတ်၍ ဘဏ္ဍာနှစ်ကုန် နောက်ဆုံးလ

(မတ်လ) တွင် စာရင်းညှိနှိုင်းရန် လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် နောက်ဆုံးလ (မတ်လ) တွင် ကုမ္ပဏီ B အနေဖြင့် ၉၈,၁၀၂ ကျပ် နုတ်ယူပေးသွင်းရမည်ကို သတိပြုရန် ဖြစ်ပါသည်။ )

**လစာဝင်ငွေခွန်ပေးဆောင်နိုင်သည့်နည်းလမ်းများ**

- **အီလက်ထရောနစ်နည်းလမ်းဖြင့် လစာဝင်ငွေခွန်ပေးဆောင်ခြင်း။** အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်း ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာ အခွန်စည်းကြပ်မှုခံယူသည့်ရုံး၏ ဘဏ်ငွေစာရင်းသို့ အောက်ပါ နည်းလမ်းများကို အသုံးပြု၍ပေးဆောင်ရမည်ဖြစ်ပါသည်။ မန္တလေးမြို့ရှိ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅)အနေဖြင့်လည်း အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးဆောင်နိုင်ပါသည်-
  - မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက် CBM-NET ကို အသုံးပြု၍ ပုဂ္ဂလိက ဘဏ်များမှတစ်ဆင့် အခွန်ပေးဆောင်ခြင်း၊
  - ပုဂ္ဂလိကဘဏ်များ၏ မိုဘိုင်းငွေပေးချေမှုနည်းလမ်းများ ( Internet Banking၊ Mobile Banking၊ Mobile Payment) ကို အသုံးပြု၍ မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်ခြင်း၊ (ယနေ့အထိ မိုဘိုင်းငွေပေးချေမှုနည်းလမ်းအသုံးပြု၍ အခွန်ပေးဆောင်နိုင်သော ပုဂ္ဂလိကဘဏ်များမှာ သမဝါယမဘဏ်လီမိတက်(CB)၊ ရောဝတီဘဏ်လီမိတက်(AYA)၊ ယူအေဘီဘဏ်လီမိတက် (UAB)၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(MAB)၊ ကမ္ဘောဇဘဏ် လီမိတက်(KBZ)၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် ( AGD )၊ မြဝတီဘဏ်လီမိတက် ( Myawaddy Bank)နှင့် ရတနာပုံဘဏ်လီမိတက်( UDNB ) တို့ ဖြစ်ပါသည်၊
  - e- Commerce ဖွင့်လှစ်ထားသော MPU Debit Card/ MPU Corporate Debit Card အသုံးပြု၍ အခွန်ပေးဆောင်ခြင်း။

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက် CBM-NET ကို အသုံးပြု၍ ပုဂ္ဂလိက ဘဏ်များမှတစ်ဆင့် အခွန်ပေးဆောင်ခြင်း၊ မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်ခြင်းများအတွက် လုံခြုံမှုစနစ်(QR Code) ပါရှိသော အခွန်ပေးသွင်းမှု အထောက်အထား ပတခ(e- Payment)-၁ ကို e- mail မှတစ်ဆင့် လက်ခံရရှိမည် ဖြစ်ပါသည်၊
- MPU Debit Card ဖြင့် ပေးဆောင်ခြင်းဖြစ်ပါက လုံခြုံမှုစနစ်(QR Code) ပါရှိသော အခွန်ငွေပေးသွင်းမှု အထောက်အထား ပတခ(e- Payment)-၂ ကို e-mail မှတစ်ဆင့် လက်ခံရရှိမည်ဖြစ်ပါသည်။

- ❖ **ငွေသား၊ ချက်လက်မှတ်ဖြင့် လစာဝင်ငွေခွန်ပေးဆောင်ခြင်း။** နိုင်ငံပိုင်ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားရှိသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့် လစာဝင်ငွေခွန်ပေး ဆောင်ရာတွင် ချက်လက်မှတ်ကို အသုံးပြု၍ စာရင်းပြောင်း(Transfer)၊ စာရင်းရှင်း(Clearing) နည်းလမ်းများဖြင့်လည်း ပေးဆောင်နိုင်ပါသည်။ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်းချလန်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

**အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

- ❖ အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းနိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ထားရှိရမည်၊
- ❖ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းခံရသည့် ဝန်ထမ်းတစ်ဦးချင်းစီ၏ အချက်အလက်များကို နောက်ဆက်တွဲ (က)ပါ ပုံစံဖြင့် သက်ဆိုင်ရာအခွန်ရုံး (SAS အခွန်ထမ်းဖြစ်ပါက အခွန်ထမ်းရေးရာဌာနစု - Taxpayer Service Section) သို့ ပေးပို့ထားရမည်။ ဝန်ထမ်းဆိုင်ရာအချက်အလက်များ ပြောင်းလဲမှုရှိပါက ပြောင်းလဲသည့်အခါတိုင်း ထပ်မံပေးပို့ရန် ဖြစ်ပါသည်၊
- ❖ လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်အတွက်ကျသင့်သည့်လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်၍ လစာထုတ်ပေးသည့်အချိန်တွင် အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီး သက်ဆိုင်ရာလကုန်ဆုံးပြီး (၁၅)ရက်အတွင်း ပေးသွင်းရပါမည်၊
- ❖ လစာမှနုတ်ယူထားသည့် လစာဝင်ငွေခွန်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးသွင်းနိုင်ရန် သတ်မှတ်ထားသော နောက်ဆက်တွဲ(ခ)ပါ Excel Template တွင် တစ်ဦးချင်းစာရင်းကို ဖြည့်သွင်းရန် လိုအပ်ပါမည်။ Excel Template ကို IRD Website ဖြစ်သော www.ird.gov.mm ၏ Home page >> Media >> Announcement (ကြေညာချက်များ) တွင်လည်း Download ရယူနိုင်ပါသည်၊
- ❖ အလုပ်ရှင်/ ကုမ္ပဏီ/ အဖွဲ့အစည်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ်(9 Digit TIN) ကို အသုံးပြု၍ အခွန်ပေးဆောင်ရမည်၊
- ❖ MPU Debit Card ဖြင့် ပေးသွင်းခြင်းဖြစ်ပါက ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သော www.ird.gov.mm ၏ Start Your Tax Online Payment မှတစ်ဆင့် ပေးသွင်းနိုင်ပါသည်။ အခွန်ပေးဆောင်မှုတစ်ကြိမ်ပြုလုပ်တိုင်း လုံခြုံမှုရှိစေရန် One Time Password (OTP)ကို အသုံးပြုရမည်ဖြစ်၍ လစာဝင်ငွေခွန်ပေးဆောင်ခြင်းအတွက် သီးသန့်ဖွင့်ထားသော e-mail account (Dedicated e-mail account) တစ်ခုကို Card လျှောက်ထားသည့်ဘဏ်သို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါ e-mail ၏ Security ကို အသုံးပြုသူမှ တာဝန်ယူရမည်ဖြစ်ပါသည်။ တစ်ဦးချင်းစာရင်းများကို သတ်မှတ်ထားသော Excel Template တွင် ဖြည့်သွင်းကာ အဆိုပါ Excel file အား Upload File တွင် ထည့်သွင်းပြီး အခွန်ပေးသွင်းခြင်းနှင့်အတူ Upload တစ်ပြိုင်နက်တည်း ပြုလုပ်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ပါသည်၊

- Excel Format ဖြင့် ပြည့်စုံစွာဖြည့်သွင်းထားသော Excel File Soft copy အား သက်ဆိုင်ရာ အခွန်ရုံး (SAS အခွန်ထမ်းဖြစ်ပါက အခွန်ထမ်းလိုက်နာမှုစီစစ်ရေးဌာနခွဲ - Compliance Management Section) သို့ e-mail ဖြင့်သော်လည်းကောင်း သင့်လျော်ရာ နည်းလမ်းဖြင့် သော်လည်းကောင်း လစဉ် မပျက်မကွက် ပေးပို့ရမည်။

**အီလက်ထရောနစ်နည်းလမ်းဖြင့် လစာဝင်ငွေခွန်ပေးသွင်းပြီးနောက် Excel File ပါ အချက်အလက်များ မှားယွင်းမှုတစ်စုံတစ်ရာရှိပါက လုပ်ဆောင်ရမည့်အချက်များ**

- သက်ဆိုင်ရာလအတွင်း တွေ့ရှိပါက လကုန်ရက်မတိုင်မီ (၃) ရက် ကြိုတင်ကာ စည်းကြပ်သည့် အခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထားရမည်၊
- အခွန်ပေးသွင်းရာတွင် TIN မှားယွင်းဖြည့်သွင်းခြင်းကြောင့် ပေးဆောင်သည့်အခွန်ရုံး လွဲမှားကြောင်း တွေ့ရှိပါက သက်ဆိုင်ရာအခွန်ရုံးသို့ နေ့ချင်းအကြောင်းကြား၍ မိမိ အခွန်ငွေပေးသွင်းခဲ့သည့် ဘဏ်သို့လည်း ချက်ချင်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီလက်ထရောနစ်နည်းလမ်းဖြင့်လစာဝင်ငွေခွန်ပေးသွင်းရာတွင် သတိပြုဆောင်ရွက်ရမည်အချက်များ**

- လစာဝင်ငွေခွန်အား အခြားအခွန်အမျိုးအစားများနှင့် စုပေါင်း၍ပေးသွင်းခြင်း၊ အခွန်ကာလအား ဘဏ္ဍာနှစ်တစ်နှစ်ချင်းစီအလိုက်မဟုတ်ဘဲ ဘဏ္ဍာနှစ်များစုပေါင်း၍ ပေးသွင်းခြင်း၊ သတ်မှတ် Excel file မပါရှိခြင်းများ မဖြစ်စေရေးအတွက် ဂရုပြုဆောင်ရွက်ရန်နှင့် လစာဝင်ငွေခွန် ပေးဆောင်သည့်အခါတိုင်း အောက်ပါအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရွေးချယ်ဖြည့်သွင်းရန် လိုအပ်ပါသည်-
  - အခွန်အမျိုးအစား(Tax Pype) တွင် ဝင်ငွေခွန် Income Tax(IT) ကို ရွေးချယ်ရန်၊
  - ပေးဆောင်မှုအမျိုးအစား ( Payment Type ) တွင် ဝင်ငွေခွန် လစာ Pay As You Earn (PAYE) ကို ရွေးချယ်ရန်၊
  - အခွန်ပေးဆောင်သည့်ကာလ ( Tax Period ) တွင် မည်သည့်လအတွက် ပေးသွင်းသည်ကို မှန်ကန်စွာရွေးချယ်ရန်၊
  - ဝင်ငွေနှစ်(Income Year) တွင် ဝင်ငွေရရှိသည့် ဘဏ္ဍာနှစ်ကို ရွေးချယ်ရန်၊
  - ပေးသွင်းသည့်ပမာဏ (Tax Amount) တွင် ပေးသွင်းသည့် လစာဝင်ငွေခွန် စုစုပေါင်း ပမာဏကို ဖြည့်သွင်းရန်။

**ငွေထုတ်သူအရာရှိ ဂရုပြုရမည့်အချက်များ**

- ငွေထုတ်သူအရာရှိတိုင်းသည် တစ်နှစ်အတွက် ကျသင့်သည့်လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်၍ လစာထုတ်ပေးသည့်အချိန်တွင် အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီး သက်ဆိုင်ရာ လကုန်ဆုံးပြီး (၁၅)ရက်အတွင်း ပေးသွင်းရပါမည်၊

- Excel Template တွင် အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်း၍ ကုမ္ပဏီအား အခွန်စည်းကြပ်သည့်ရုံးသို့ ပေးပို့ခြင်းအား ပတခ(ဝင)-၁၅ ပေးပို့ခြင်းဖြစ်သည်ဟု မှတ်ယူပေးမည်ဖြစ်ပြီး ထိုသို့ပေးပို့ပြီးပါက ပတခ(ဝင)-၁၅ ထပ်မံပေးပို့ရန် မလိုအပ်ပါ။

- သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်သို့ ချလန်ဖြင့်ပေးသွင်းခြင်းဖြစ်ပါက လစာဝင်ငွေခွန် ပေးဆောင်ရသည့် အခွန်ထမ်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ပတခ(ဝင)-၁၅ တွင်ဖြည့်သွင်းပြီး လစာဝင်ငွေခွန် နုတ်ယူသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးသို့ပေးပို့ရမည် ဖြစ်ပါသည်၊

- လစာနှစ်ချုပ်စာရင်း ပတခ(ဝင)-၁၆ အား သက်ဆိုင်ရာ(ကုမ္ပဏီ)အခွန်စည်းကြပ်မှုခံယူသည့်ရုံး (SAS အခွန်ထမ်းဖြစ်ပါက အခွန်ထမ်းလိုက်နာမှုစိစစ်ရေးဌာနစု- Compliance Management Section) သို့ နှစ်စဉ် ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃)လ အတွင်း ပေးပို့ရမည်၊

- ငွေထုတ်သူအရာရှိမှ ဝန်ထမ်းများ၏ လစာဝင်ငွေခွန်ကို ပိုမိုနုတ်မိလျှင်သော်လည်းကောင်း လျော့နည်းနုတ်မိလျှင်သော်လည်းကောင်း ကျန်အရစ် သို့မဟုတ် အရစ်များကို လျှော့၍ဖြစ်စေ တိုး၍ဖြစ်စေ နုတ်ယူပေးသွင်းရပါမည်၊

- အခွန်ထမ်းကုမ္ပဏီသည် နောက်ဆက်တွဲ (ဂ) ပါ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် PAYE Certificate - ပတခ(ဝင)-၁၅(က) တွင် အချက်အလက်များ ပြည့်စုံစွာရေးသွင်းပြီး လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းခံရသူများသို့ နှစ်စဉ်ထုတ်ပေး၍ မူရင်းခွဲအား မှတ်တမ်းထားရှိရမည်။ အဆိုပါ ပုံစံ၏ စာမျက်နှာ (၂) အား ကျောကပ်၍ စာရွက်တစ်ရွက်တည်း ထုတ်ယူပေးရမည်။ [ ပတခ(ဝင)-၁၅(က) ပုံစံအား ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ Home Page>>Media >> Form for SAS Tax Offices>> ဝင်ငွေကြေညာလွှာ ခေါင်းစဉ်အောက်ရှိ ပုံစံများတွင်လည်း Download ရယူ နိုင်ပါသည်]၊

- လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းခံရသူများသို့ အထောက်အထားလက်မှတ် PAYE Certificate ထုတ်ပေးရာတွင် အဆိုပါဝန်ထမ်းအတွက် ပထမဆုံးလစာ နုတ်ယူပေးသွင်းသည့်လမှစ၍ ရေးသွင်းရမည်ဖြစ်ပြီး ဝန်ထမ်းက မိမိရုံးတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါက လစာနောက်ဆုံးနုတ်ယူပေးသွင်းသည့်လအထိသာ ရေးသွင်းပေးရမည်။ မိမိရုံးတွင် လုပ်ကိုင်ခြင်းမရှိသည့်လများအား ကန့်လန့်ဖြတ်မျဉ်း ရေးဆွဲ၍ ပယ်ဖျက်ပေးရမည်၊

- မိမိကုမ္ပဏီမှ ဝန်ထမ်းပြောင်းရွှေ့သွားပါက **ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထား လက်မှတ် PAYE Certificate - ပတခ(ဝင)-၁၅ (က)** မူရင်းခွဲကို ဝန်ထမ်းသို့ ပေးလိုက်ရမည်။ **ဝန်ထမ်းက နောက်အလုပ်ရသည့်အခါ မူရင်းခွဲကို အလုပ်ရှင်အသစ်သို့ပေးရမည်။** အလုပ်ရှင်

အသစ်သည် အဆိုပါ မူရင်းခွဲပါ လစာဝင်ငွေပမာဏနှင့် မိမိရုံးမှ ထုတ်ပေးမည့် လစာဝင်ငွေပမာဏကို ဘဏ္ဍာနှစ် တစ်နှစ်စာအတွက် လစာဝင်ငွေခွန် တွက်ချက်ရာတွင် ထည့်သွင်း တွက်ချက်ရမည်၊

- ❖ အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးသွင်းသူများအနေဖြင့် လစာဝင်ငွေခွန် ပေးသွင်းချိန်မှစ၍ လည်းကောင်း၊ ငွေသား/ ချက်လက်မှတ်ဖြင့် ပေးသွင်းသူများအနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ လစာအပေါ် လစာဝင်ငွေခွန်ပေးသွင်းချိန်မှစ၍ လည်းကောင်း၊ ယခင်အသုံးပြုခဲ့သည့် **အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်အစား** ပူးတွဲပါ **လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် PAYE Certificate - ပတခ(ဝင)- ၁၅(က) ကိုသာ** အသုံးပြုသွားရမည်ဖြစ်ပါသည်၊

- ❖ အခြေပစ္စည်း ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ အခြားတစ်နည်းနည်းဖြင့် ရယူခြင်း ဆောင်ရွက်သည့်အခါ ဝင်ငွေရလမ်းတင်ပြရာတွင် ယခင်ကအသုံးပြုခဲ့သည် အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်ကဲ့သို့ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် PAYE Certificate - ပတခ(ဝင)-၁၅(က) ကိုလည်း တင်ပြနိုင်ပါသည်။

<u>**အသေးစိတ်သိရှိလိုပါက**</u> သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ ( e-Payment Section)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်၊ ၀၁-၈၃၇၉၀၂၁ သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇- ၃၄၃၀၅၂၂၊ ၀၆၇- ၃၄၃၀၅၃၃ သို့မဟုတ် အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ ဖက်စ်နံပါတ် ၀၁- ၈၃၈၉၃၁၁၊ ဖုန်းနံပါတ် ၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)၊ ဖုန်း-၀၁- ၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ဖုန်း- ၀၂- ၄၀၃၀၁၉၂ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

နောက်ဆက်တွဲ(က)

အလုပ်ရှင်(ကုမ္ပဏီ/အဖွဲ့အစည်း) အမည် -

အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) -

ကုမ္ပဏီ e- mail address -

| စဉ် | ဝန်ထမ်းအမည် | ရာထူး | အဖအမည် | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ဆက်သွယ်ရန်လိပ်စာ | ဖုန်းနံပါတ် | e- mail address |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

နောက်ဆက်တွဲ(ခ)

# Payment for PAYE ( Attached List )

## Employer Name -

## TIN -

| Record Number | Employer Name | NRC No.(If) | Employer Address | Passport No.(If) | Position | Tax Period | Income Year | End Date Of Period Covered by Payment (DD-MM-YYYY) | Salary for Period (Kyat) | Allowances claimed by Employer | Amount Withheld (Kyat) | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |

နောက်ဆက်တွဲ(ဂ)

| ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။ |
|---|

ပတခ(ဝင)-၁၅(က)

## လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်

[ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)ညွှန်း]

**လစာဝင်ငွေခွန်နုတ်ယူခြင်းခံရသူ**

ဝန်ထမ်းအမည်------------------------------------------------------------
ရာထူး/ တာဝန်-----------------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-----------------------------------
နေရပ်လိပ်စာ------------------------------------------------------------
--------------------------------------------------------------------------
ယခင်အခွန်ပေးသွင်းခဲ့သည့်ရုံး ---------------------------------------
ယခင်အခွန်ထမ်းမှတ်ပုံတင်အမှတ်------------------------------------

**လစာဝင်ငွေခွန်နုတ်ယူပေးသွင်းသူ**

ကုမ္ပဏီ/ ဌာန/ အဖွဲ့အစည်းအမည်---------------------------------
--------------------------------------------------------------------------
အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)--------------------------------
လိပ်စာ------------------------------------------------------------------
--------------------------------------------------------------------------
စည်းကြပ်မှုခံယူသည့်အခွန်ရုံး ---------------------------------------
--------------------------------------------------------------------------

၂၀ -၂၀ ဘဏ္ဍာနှစ်

| စဉ် | လအမည် | ရရှိသည့် လစာဝင်ငွေစုစုပေါင်း (ကျပ်) | ပေးဆောင်သည့် အခွန်(ကျပ်) | အခွန်ငွေပေးသွင်းမှု အထောက်အထား အမှတ် | လက်မှတ်တို |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |
| ၁၁ | | | | | |
| ၁၂ | | | | | |
| | စုစုပေါင်း | | | | |

**<u>သက်သာခွင့်များ</u>**

(က) အခြေခံခွင့်ပြုငွေ(၂၀%) = ---------------------------------------- ကျပ်

(ခ) ခံစားခွင့်ရှိသည့် အတူနေမိဘ (  ) ဦးရှိပါသည်။

(ဂ) အိမ်ထောင်ဖက် ☐ ရှိ ၊ ☐ မရှိ။

(ဃ) ခံစားခွင့်ရှိသည့် သား/ သမီး (  ) ဦးရှိပါသည်။

(င) ဝန်ထမ်းနှင့် အိမ်ထောင်ဖက်အတွက် အသက်အာမခံပရီမီယံ ပေးသွင်းငွေ -------------------------------------------------------ကျပ်

(စ) လူမှုဖူလုံရေး ရန်ပုံငွေသို့ ပေးသွင်းရန် နုတ်ယူခြင်းခံရသည့် ငွေ ------------------------------------------------ကျပ် ဖြစ်ပါသည်။

အထက်ပါ အချက်အလက်များ မှန်ကန်ပါသည်။

<u>နုတ်ယူခြင်းခံရသူ၏ လက်မှတ်</u>

**<u>သတိပေးချက်</u>**

၁။ နုတ်ယူထားသည့် လစာဝင်ငွေခွန်ကို နုတ်ယူသည့်နေ့မှ (၁၅) ရက်အတွင်း ပေးသွင်းရမည်။ [ဝင်ငွေခွန်စည်းမျဉ်း ၁၄ (ခ)]

၂။ နုတ်ယူပေးသွင်းသည့်လစာဝင်ငွေခွန်ကို နုတ်ယူပေးသွင်းခြင်း မပြုလျှင် ပျက်ကွက်သူအဖြစ် မှတ်ယူခြင်းခံရမည် ဖြစ်ပြီး နုတ်ယူခြင်းမရှိသည့်အခွန်အား ပေးဆောင်ရန် တာဝန်ရှိစေရမည်။ [အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဂ)]

၃။ နုတ်ယူပေးသွင်းသည့်လစာဝင်ငွေခွန်ကိုသတ်မှတ်ထားသည့်အချိန်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ပေးဆောင်ရန်ပျက်ကွက်သော ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်း အတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။ [အခွန်ဆိုင်ရာစီမံ အုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဃ)]

၄။ နုတ်ယူထားသောလစာဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို နုတ်ယူသည့်နေ့မှ (၁၅) ရက်အတွင်းသက်ဆိုင်ရာ အခွန်ရုံးသို့ပေးပို့ရမည်။ [ဝင်ငွေခွန်စည်းမျဉ်း ၁၄ (ဂ)]

အထက်ပါ အချက်အလက်များ မှန်ကန်ပါသည်။

နုတ်ယူ
ပေးသွင်းသူ
ရုံးတံဆိပ်

လက်မှတ်.......................................................................

အမည် .......................................................................

တာဝန် .......................................................................

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်.......................................

ကုမ္ပဏီ/ ဌာန/ အဖွဲ့အစည်း ..................................................

.......................................................................

လက်မှတ်ထုတ်ပေးသည့်နေ့ ........./........./...........

( ရက် / လ / ခုနှစ် )

**<u>ရှင်းလင်းချက်</u>**

၁။ နိုင်ငံခြားသားဖြစ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နေရာတွင် Passport No. အား ဖော်ပြရန်။

၂။ ယခင်အခွန်ပေးသွင်းခဲ့သည့်ရုံး/ ယခင် အခွန်ထမ်းမှတ်ပုံတင်အမှတ်ရှိပါက ဖြည့်သွင်းရန်။ မရှိပါက ဖြည့်သွင်းရန် မလို။

၃။ **လစာဝင်ငွေစုစုပေါင်းစာတိုင်တွင်** လအလိုက် ရရှိသည့် လစာနှင့် အခြားထုတ်ပေးငွေများ ပေါင်း၍ ဖြည့်သွင်းရန် ဖြစ်ပါသည်။

၄။ **အခွန်ငွေပေးသွင်းမှုအထောက်အထား** စာတိုင်တွင် ပတခ ( e- Payment) -၁ ၏ CCT Notification Reconciliation No. နှင့် ပတခ(e-Payment) -၂ ၏ MPU Reference No. တို့အား ဖြည့်သွင်းရန် ဖြစ်ပါသည်။

၅။ လက်မှတ်တို စာတိုင်နှင့် နုတ်ယူပေးသွင်းသူ၏ လက်မှတ်နေရာတွင် BOD အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အထွေထွေမန်နေဂျာ သို့မဟုတ် မန်နေဂျာ လက်မှတ်ရေး ထိုးရန်ဖြစ်ပါသည်။

**မှတ်ချက်။** ဤအထောက်အထားလက်မှတ်အား သာမန်အားဖြင့် တစ်နှစ်လျှင် တစ်ကြိမ်သာ ဝန်ထမ်းသို့ ထုတ်ပေးရန် ဖြစ်ပါသည်။ ဝန်ထမ်းက မိမိရုံးတွင် ဆက်လက်လုပ်ကိုင်ခြင်းမရှိပါက လစာနောက်ဆုံးထုတ်ပေးသည့် လအထိသာ ရေးသွင်းရန်ဖြစ်ပြီး ကျန်လများအား ကန့်လန့်ဖြတ်မျဉ်းရေးဆွဲ၍ ပယ်ဖျက်ရမည် ဖြစ်ပါသည်။